**ကေအဲန်ယူ- ကရင်အမျိုးသားအစည်းအရုံး**

**ဗဟိုဌာနချုပ်**

**ကော်သူးလေ**

**www.knuhq.com**

## ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး၊ ဥက္ကဌ ပဒိုစောကွယ်ထူးဝင်း ၏

## ၂၇၆၃ခုနှစ်၊ သလေလဆန်း(၁) ရက်၊ ကရင်နှစ်သစ်ကူးနေ့ နှုတ်ခွန်းဆက်စကား

**ချစ်ခင်ရပါသော ကရင်အမျိုးသားအပေါင်းတို့၊**
**မျိုးချစ်တော်လှန်ရေး ရဲဘော်အပေါင်းတို့**

ဒီနေ့ဟာ ကရင်နှစ်(၂၇၆၂) ခုနှစ်ကိုကျော်လွန်ပြီး ကရင်နှစ်(၂၇၆၃)ခုနှစ်အတွင်းသို့ ဝင်ရောက်သည့် နှစ်သစ်တစ်နေ့ ဖြစ်ပါတယ်။ ကရင်လူမျိုးတို့၏ သမိုင်းတွင် ဖော်ပြသည့် ဤတိုင်းပြည်သို့ ကရင်လူမျိုးများ ဝင်ရောက်လာပြီး အခြေချ နေထိုင်ခဲ့ကြသည်မှာ နှစ်ပေါင်း (၂၇၆၃)နှစ် တိုင်ခဲ့ပြီးဖြစ်ပါတယ်။ ဒီ "ကရင်နှစ်သစ်ကူးနေ့" မှာ ကရင်လူမျိုးအပေါင်းနဲ့ ပြည်ထောင်စု အတွင်းမှာ ရှိတဲ့လူမျိုးများ၊ ပြည်သူပြည်သားများအားလုံးကို နှစ်သစ်မင်္ဂလာ အခါသမယမှ ကျန်းမာခြင်း၊ ပျော်ရွှင်ချမ်းမြေ့ခြင်း၊ အေးချမ်း သာယာခြင်း၊ ငြိမ်းချမ်းခြင်း၊ မတရားမှုများမှ ကင်းဝေးခြင်း၊ ကောင်းကျိုးဝေဖြာခြင်း၊ ဘေးရန် အပေါင်းမှ ကင်းဝေးခြင်းတို့ကို ဆောင်ကြဉ်းလာပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါတယ်။

ကရင်လူမျိုးတို့သည် လူမျိုးတစ်မျိုး၏ ဝိသေသလက္ခဏာနှင့် ပြည့်စုံသည့် လူမျိုးဖြစ်ကြပါတယ်။ ကရင့်လူမျိုးသမိုင်း၊ စာပေ၊ ဓလေ့၊ ထုံးတမ်းစဥ်လာ၊ ယဥ်ကျေးမှု၊ ခြားနားသည့် ကြွန်အင်လက္ခဏာများတို့သည် လူမျိုးတစ်မျိုးဖြစ်ကြောင်းကို ဖော်ပြ လျက်ရှိပါတယ်။ ကရင်လူမျိုး၊ အရှေ့အတွက်အမြောက်အမြားသည် ပြည်ထောင်စုအတွင်း ပြည်နယ်အများအပြားတွင် နေထိုင်လျက်ရှိကြပြီး ထိုင်းနိုင်ငံအတွင်းရှိ ခရိုင်အများအပြားတွင်လည်း နေရာအနှံ့ နေထိုင်လျက်ရှိကြပါတယ်။ တချိန်တည်း မှာပဲ ကရင်လူမျိုးများဟာ အကြောင်းအမျိုးမျိုးဖြင့် ကမ္ဘာ့နေရာအနှံ့ နိုင်ငံအသီးသီးမှာလည်း ရွှေ့ပြောင်းနေထိုင်လုပ်ကိုင် လျက် အခြေချနေထိုင်နေကြပါတယ်။ ကရင်လူမျိုးတို့ရဲ့သမိုင်းအစဥ်အလာ၊ သဘာဝကိုမှီတင်းပြီး အသက်မွေးဝမ်းကျောင်း တဲ့အလေ့အထတွေအပေါ်မှာအခြေတည်ပြီး နှစ်ကာလများကိုရေတွက်၊ လများကိုအမည်နာမသတ်မှတ်ကာ နေ့ရက်အမည် များကို ခေါ်ဝေါ် သုံးစွဲလာခဲ့ကြတာဖြစ်ပါတယ်။ နှစ်သစ်ကူးဟာ ကရင်လူမျိုးတွေရဲ့ ခုနှစ်ကာလ၊ ရက်လတွေကို ရေတွက်တဲ့ ကျနော်တို့လူမျိုးတွေရဲ့သရုပ်သဏ္ဍာန်ကိုဖော်ပြနေပြီး လူမျိုးတစ်မျိုးရဲ့သမိုင်းကြောင်းအစဥ်အလာ၊ အသက်မွေးဝမ်းကျောင်း ဓလေ့နဲ့ လူမျိုးရဲ့ စရိုက်သွင်ပြင်လက္ခဏာတွေ ပေါ်လွင်နေပါတယ်။

ကရင်လူမျိုးတွေ အမျိုးမျိုးသတ်မှတ်ပြီး ဆင်နွှဲကျင်းပနေတဲ့ နှစ်သစ်ကူးနေ့ရက်တွေကို နေ့ရက် တစ်ရက်တည်း ဖြစ်အောင် စုစည်းသတ်မှတ်ပေးခဲ့တဲ့ အမြော်အမြင်ရှိပြီး လူမျိုးကို ချစ်တဲ့ ကရင့်အမျိုးသားခေါင်းဆောင်ကြီးများကိုလည်း ကျေးဇူးတင် ပါတယ်။ ကရင်နှစ်သစ်ကူးနေ့ကို နေ့ရက်တစ်ရက် သတ်သတ်မှတ်မှတ် ပြန်လည်သတ်မှတ်ပြီး ဂုဏ်ပြုဆင်နွှဲနိုင်ခြင်းသည် ကရင်လူမျိုးတို့၏ ဓလေ့ထုံးတမ်းစဥ်လာကို ဖော်ပြနေသကဲ့သို့ ကရင်လူမျိုးတို့၏စည်းလုံးမှုကို ပြသနေခြင်းဖြစ်ခါ ကရင် လူမျိုးတို့၏ သွေးစည်းညီညွတ်မှုကို ပြသသည့်နေ့လည်းဖြစ်တယ်။ ထို့အတူပဲ ကရင်လူမျိုးတို့ရဲ့ အဖွဲ့အစည်းအမျိုးမျိုးနဲ့

ကရင်လူမျိုးတိုင်းကိုလည်း မိမိတို့ရှိတဲ့နေရာ၊ မိမိတို့ရဲ့ ကဏ္ဍအသီးသီးကနေ မိမိလူမျိုးရဲ့ သွင်ပြင်လက္ခဏာ၊ ထုံးတမ်းစဥ်လာ၊ စာပေ၊ ဂုဏ်ကျက်သရေတို့ကို တန်ဖိုးထား ထိန်းသိမ်းပြီး မြင့်တင်ကာ ကရင်လူငယ်မျိုးဆက်သစ်များကို လက်ဆင့်ကမ်းနိုင်ဖို့ နည်းလမ်းအသွယ်သွယ်နဲ့ ဆောင်ကြဥ်းပေးကာ ကရင်လူမျိုးအနေနဲ့ လူမျိုးတစ်မျိုးအဖြစ် တည်တံ့ဖို့အတွက် ဆောင်ရွက်ပေးနေမှုအတွက်ကိုလည်း ကျနော်လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင် ပါတယ်။

**ချစ်ခင်ရပါသော ကရင်အမျိုးသားအပေါင်းတို့**
**မျိုးချစ်တော်လှန်ရေး ရဲဘော်အပေါင်းတို့**

ကျနော်တို့ကရင်လူမျိုးရဲ့ သမိုင်းအစဥ်အလာရှိသကဲ့သို့ ဒီတိုင်းပြည်ကို အဦးဆုံးဝင်ရောက်နေထိုင်လာခဲ့ကြတဲ့လူမျိုးပဲဖြစ်ပါတယ်။ ကရင့်သမိုင်းတလျှောက်မှာ ကျနော်တို့ဟာ လူဦးရေများပြားတဲ့မဟာလူမျိုးကြီးဝါဒီတွေရဲ့ ဖိနှိပ်ချုပ်ခြယ်မှု၊ လူမျိုးတုန်းပျောက်ကွယ်ဖို့အတွက် ကရင်လူမျိုးတို့ရဲ့ ဝိသေသလက္ခဏာတွေကို နည်းမျိုးစုံနဲ့ ဖျောက်ဖျက်ခဲ့တာတွေကို ကြုံခဲ့ရပါတယ်။ ကျနော်တို့ကရင်လူမျိုးတွေကလည်း ဒါတွေကိုနည်းလမ်းမျိုးစုံနဲ့ ကာကွယ်တားဆီးခဲ့ကြပါတယ်။ ကရင်လူမျိုးတွေ ပညာဗဟုသုတတွေရရှိပြီး ကရင်အမျိုးသားခေါင်းဆောင်များက မိမိတို့ဟာ လူမျိုးတစ်မျိုးအနေနဲ့ တည်တံ့ခိုင်မြဲ ဖွံ့ဖြိုးတိုးတက်ဖို့အတွက်ဆိုရင် ဒီနိုင်ငံမှာ ကိုယ့်တိုင်းကိုယ့်ပြည်ရှိဖို့၊ လွတ်လပ်ရေးရရှိဖို့၊ တန်းတူအခွင့်အရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တို့ ရှိရမှာဖြစ်တယ်ဆိုတာ နားလည်သဘောပေါက်လာလို့ အဲဒီအရေးအရာ၊ အခွင့်အရေးတွေကို ရရှိဖို့ လှုပ်ရှားတိုက်ပွဲဝင်ခဲ့ကြပါတယ်။

လူမျိုးတစ်မျိုး တည်တံ့ခိုင်မြဲဖို့အတွက်ဆိုရင် အဲဒီလူမျိုးရဲ့ လူတစ်ဦးချင်းစီက မိမိလူမျိုးကို ချစ်မြတ်နိုးမှု၊ နေ့တိုင်း မိမိလူမျိုးရဲ့ သရုပ်သဏ္ဍာန်ကို ပေါ်လွင်စေမယ့် ဝတ်စားဆင်ယင် နေထိုင်လုပ်ကိုင်မှုတွေနဲ့ မိမိမှီတင်းနေထိုင်တဲ့ တိုင်းပြည်ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေက လူမျိုးတစ်မျိုးရဲ့ ဘာသာစကား၊ စာပေ၊ ထုံးတမ်းစဥ်လာနဲ့ ယဥ်ကျေးမှုများကို အသိအမှတ်ပြုခြင်းတို့အပေါ်မှာ မူတည်ပါတယ်။ ပြောရမယ်ဆိုရင် သမိုင်း၊ ယဥ်ကျေးမှုနဲ့ ဓလေ့ထုံးတမ်းတို့ မတူညီတဲ့လူမျိုးပေါင်းစုံနေထိုင်တဲ့ တိုင်းပြည်တစ်ခုမှာဆိုရင် ဒီလိုကွဲပြားမှုကိုအသိအမှတ်ပြုပြီး တန်ဖိုးထားတဲ့ပြဋ္ဌာန်းချက်တွေကို ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပြဋ္ဌာန်းထား ဖို့လိုပါတယ်။

ဒီတိုင်းပြည်မှာ အမျိုးသားတန်းတူရေးကို အသိအမှတ်ပြုမှုမရှိခြင်း၊ ဖိနှိပ်ချုပ်ခြယ်ခြင်းနှင့် တရားမျှတမှုမရှိခြင်းတွေကြောင့် လူမျိုးတစ်မျိုးနဲ့တစ်မျိုးကြား၊ ပြည်သူပြည်သားများနဲ့ အုပ်ချုပ်သူများအကြား ပဋိပက္ခတွေဖြစ်ပေါ်လာရပါတယ်။ ကရင်လူမျိုးတို့ရဲ့ လူမျိုးတစ်မျိုးရဲ့အခွင့်အရေးနဲ့အညီ လူမျိုးတစ်မျိုးအနေနဲ့ ဂုဏ်သိက္ခာရှိစွာ ရပ်တည်ဖို့၊ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် လှုပ်ရှားမှုတွေကို အုပ်ချုပ်သူတွေက ညှိနှိုင်းအဖြေရှာမှု မရှိတဲ့အပြင် အင်အားသုံးလက်နက်ဖြင့် အကြမ်းဖက် ဖြိုခွင်းနှိမ်နင်းတဲ့နည်းလမ်းတွေကို အသုံးပြုခဲ့တဲ့အတွက်ကြောင့် ကျနော်တို့လူမျိုးရဲ့ လှုပ်ရှားမှုတွေဟာ လက်နက်ကိုင်တော်လှန်ရေးအဆင့်ကို တက်သွားခဲ့တာ ၁၉၄၉ ခုနှစ်ကနေစပြီး ယနေ့ထိတိုင်အောင် ဖြစ်ပါတယ်။

တော်လှန်ရေးကာလတလျှောက်လုံး ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးအနေနဲ့ စစ်ရေးပဋိပက္ခကို အဆုံးသတ်ပြီး လူမျိုးပေါင်းစုံနဲ့ ပြည်သူတွေအားလုံးအတွက် စည်ပင်ဝပြောမှုနဲ့ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ဖို့အတွက် နိုင်ငံရေးပြဿနာ၊ လူမျိုးရေးပြဿနာနဲ့ တန်းတူညီမျှမှုနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အပြည့်အဝရှိတဲ့ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုတည်ဆောက်ရေးနဲ့ ပြည်တွင်းငြိမ်းချမ်းရေးစတာတွေကို တွေ့ဆုံဆွေးနွေးရေးနည်းလမ်းနဲ့ ညှိနှိုင်းအဖြေရှာဖို့ တစိုက်မတ်မတ်ကြိုးစားခဲ့တာဖြစ်ပါတယ်။ ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးအနေနဲ့ ကရင်လူမျိုးတွေ၊ ပြည်သူလူထုတွေ၊ နိုင်ငံရေးပါတီတွေနဲ့ တိုင်းရင်းသားလူမျိုးတော်လှန်ရေးအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်နေတာတွေလည်းရှိပါတယ်။ ဒါပေမယ့်လည်း အုပ်ချုပ်သူမဟာလူမျိုးကြီးဝါဒီ စစ်အာဏာရှင်တွေဟာ နိုင်ငံရေးပြဿနာကိုနိုင်ငံရေးနည်းလမ်းနဲ့ ဖြေရှင်းလိုတဲ့ နိုင်ငံရေးဆန္ဒမရှိခဲ့ပါဘူး။ မဟာလူမျိုးကြီးဝါဒီ စစ်အာဏာရှင်တွေဟာ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်လမ်းနဲ့ ဖြေရှင်းလိုမှုမရှိခြင်း၊ သဘောထားဖြောင့်မှန်မှုမရှိခြင်းတွေဟာ နိုင်ငံရေးတွေ့ဆုံဆွေးနွေးအဖြေရှာရေးနဲ့ စစ်မှန်တဲ့ငြိမ်းချမ်းရေးတည်ဆောက်နိုင်ဖို့ မဖြစ်နိုင်ခဲ့ပါဘူး။

**ချစ်ခင်ရပါသော ကရင်အမျိုးသားအပေါင်းတို့**
**မျိုးချစ်တော်လှန်ရေး ရဲဘော်အပေါင်းတို့**

ဗမာပြည်လွတ်လပ်ရေးကို အင်္ဂလိပ်ဆီကနေ (၁၉၄၈) ခုနှစ်မှရရှိခဲ့ပြီးနောက် ၁၉၆၂ ခုနှစ်တွင် ဗမာစစ်တပ်က တိုင်းပြည်အာဏာကို အကြမ်းဖက်အာဏာသိမ်းယူပြီး စစ်အာဏာရှင်စနစ်ပုံစံအမျိုးမျိုးဖြင့် အုပ်ချုပ်ခဲ့ကြပါတယ်။ စစ်အာဏာရှင်အုပ်ချုပ်ရေးကို နည်းလမ်းအမျိုးမျိုးနဲ့ ဆန့်ကျင်ခဲ့ကြလို့ အုပ်ချုပ်ရေးပုံစံအမျိုးမျိုး ပြောင်းလဲခဲ့ပေမယ့်လည်း မဟာလူမျိုးကြီးဝါဒနဲ့ စစ်အာဏာရှင်စနစ်ကို မစွန့်လွှတ်ခဲ့ပါဘူး။ တိုင်းရင်းသားလူမျိုးတွေရဲ့ ဖက်ဒရယ်ဒီမိုကရေစီစနစ်အပေါ် အခြေခံပြီးပြည်ထောင်စုတည်ဆောက်ရေး တောင်းဆိုမှုကို ပြည်တွင်းမှာ နားလည်ထောက်ခံမှု ပိုမိုအားကောင်းလာခဲ့ပါတယ်။ ၂၀၁၅ ခုနှစ်နိုင်ငံရေးတွေ့ဆုံဆွေးနွေးရေးလုပ်ငန်းစဉ် ပေါ်ပေါက်လာခဲ့ပြီး နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုရလဒ်တချို့ရရှိခဲ့ကာ တိုင်းပြည် ကိုဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရန် သဘောတူညီခဲ့ကြပါတယ်။ ထိုသို့ ဆိုပေမယ့်လည်း ဗမာစစ်တပ်ရဲ့အာဏာလျော့နည်းသွားမှာကို စိုးရိမ်ပူပန်မှု၊ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေးမှာ စစ်တပ်အခန်းကဏ္ဍ ပျောက်ဆုံးမှာကို စိုးရိမ်မှုတွေနဲ့အတူ တိုင်းပြည်အာဏာကို ဒီမိုကရေစီလမ်းစဉ်အရ ပြည်သူလူထုက ရွေးကောက်တင်မြှောက်ထားတဲ့အစိုးရထံမှ အကြမ်းဖက်သိမ်းယူမှု ဖြစ်ခဲ့ပါတယ်။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ (၁) ရက်နေ့ မှာ တိုင်းပြည်အာဏာကို စစ်တပ်ကအာဏာသိမ်းယူမှုကြောင့် နိုင်ငံရေးဆွေးနွေးပွဲတွေ အကုန်လုံးရပ်ဆိုင်းသွားခဲ့ရပါတယ်။ ဒီလိုစစ်အာဏာသိမ်းယူမှုဟာ စစ်တပ်က တိုင်းပြည်ကို ဖက်ဒရယ်ဒီမိုကရေစီတိုင်းပြည်အဖြစ် တည်ထောင်လိုစိတ် လုံးဝမရှိဘူးဆိုတာ ပေါ်လွင်ထင်ရှားစေခဲ့ပါ တယ်။ ဗမာစစ်တပ်က ၂၀၀၈ ဖွဲ့စည်းပုံက ရေးသားပေးအပ်ထားတဲ့ အခွင့်အာဏာအတိုင်း အာဏာကိုဆက်လက်ကိုင်စွဲထားလိုခြင်းကြောင့်ပဲ ဖြစ်ပါတယ်။

ဗမာစစ်တပ်ဟာ သူတို့အာဏာသိမ်းရတဲ့အကြောင်းရင်းတွေကို အခြေအမြစ်မရှိ အကြောင်းပြခဲ့ပြီး ဒီလိုစစ်အာဏာသိမ်းယူ မှုကိုပြည်သူလူထုတရပ်လုံးနဲ့အတူ အစိုးရဝန်ထမ်းတွေရော၊ အစိုးရ ပညာရေး၊ ကျန်းမာရေး ဝန်ထမ်းတွေရော အထူးသဖြင့်လူငယ်များက ဆန့်ကျင်ကန့်ကွက်ခဲ့ကြတာပါ။ ဆန့်ကျင်ကန့်ကွက်မှုတွေကို ငြိမ်းချမ်းတဲ့နည်းလမ်းနဲ့ ဖော်ထုတ်ခဲ့ကြပေမယ့်တိုင်းပြည်အာဏာကို အကြမ်းဖက်သိမ်းပိုက်လုယူထားတဲ့ ဗမာစစ်တပ်ဟာ လက်နက်အားကိုးပြီး အကြမ်းဖက်နှိမ်နင်းခဲ့တာကြောင့် ထိခိုက်ဒဏ်ရာရတာ၊ သေဆုံးရတာတွေ ရှိလာခဲ့ပါတယ်။ စစ်တပ်ရဲ့အကြမ်းဖက် အာဏာသိမ်းမှုကို ဆန့်ကျင်ကန့်ကွက်တဲ့အပေါ် ဖြိုခွင်းဖို့ ပိုမိုပြင်းထန်ရက်စက်ကြမ်းကြုတ်စွာ လုပ်ဆောင်လာသလိုပဲ ဆန့်ကျင်မှုတွေလည်း ပိုမိုပြီးပြင်းထန်လာခဲ့ကာ အကြမ်းမဖက် ငြိမ်းချမ်းစွာ ဆန့်ကျင်ကန့်ကွက် ဆန္ဒဖော်ထုတ်မှုတွေကနေ မိမိကိုယ်ကို ခုခံကာကွယ်ဖို့လက်နက်ကိုင်စွဲခြင်းနှင့် လက်နက်ကိုင်လမ်းစဉ်စစ်စစ်တို့အထိ ပြင်းထန်လာခဲ့ပါတယ်။ စစ်အာဏာရှင်ပြုတ်ကျရေး၊ စစ်အာဏာရှင်စနစ်ဖျက်သိမ်းရေး၊ စစ်အာဏာသိမ်းယူမှုကို ဆန့်ကျင်တွန်းလှန်ရေးမှ လက်နက်ကိုင်လမ်းစဉ်ဖြင့် စစ်ရေးနည်းလမ်းတစ်ခုထဲသာလျှင် ကျန်ရှိတော့ပြီး အာဏာသိမ်းစစ်တပ်၏ အားသာသည့်နည်းလမ်းလည်းဖြစ်ပါသည်။ တိုင်းရင်းသားလူမျိုးများနှင့် ပြည်သူလူထုများ အထူးသဖြင့် လူငယ်များတို့သည် တိုင်းပြည်၏ အနာဂတ် ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး နှင့်လူမျိုးအချင်းချင်းကြား သဟဇာတရှိရန်အတွက်မှာ တိုင်းပြည်ကိုဖက်ဒရယ်ဒီမိုကရေစီတိုင်းပြည်အဖြစ် တည်ဆောက်သွားရမည်ကို သိရှိသဘောပေါက် နားလည်လက်ခံလာမှုပိုမိုများပြားလာခဲ့ပါသည်။ ထို့အတူ တိုင်းရင်းသားလူမျိုးများ၊ ပြည်သူလူထုများ၊ လူငယ်များ၏ ဗမာ့စစ်တပ်ကို စစ်ရေးနည်းလမ်းဖြင့် လက်နက်စွဲကိုင်တော်လှန်မှုလည်း ပိုမိုများပြား ပြင်းထန်လာခဲ့ပါသည်။

**ချစ်ခင်ရပါသော ကရင်အမျိုးသားအပေါင်းတို့**
**မျိုးချစ်တော်လှန်ရေး ရဲဘော်အပေါင်းတို့**

ဗမာစစ်တပ်မှ အာဏာသိမ်းခဲ့သည်မှာ ယခုနှစ်ဆို (၃) နှစ်ပြည့်တော့မှာ ဖြစ်ပါတယ်။ သံခင်းတမန်ခင်း ဆိုင်ရာ၊ စစ်ရေးဆိုင်ရာ၊နိုင်ငံရေးဆိုင်ရာနဲ့ လူမှုရေးဆိုင်ရာ စသည့်နည်းလမ်းအမျိုးမျိုးဖြင့် တော်လှန်မှုသည် ပိုမိုအားကောင်းလာပါတယ်။ ကမ္ဘာတဝှမ်းရှိ နိုင်ငံအများစုကလည်း ဗမာစစ်တပ်၏ အာဏာသိမ်းမှုကို အသိအမှတ်မပြုဘဲ အာဏာသိမ်းစစ်တပ်နှင့် နိုင်ငံရေး၊စီးပွားရေး၊ အားပေးထောက်ခံမှု စတာတွေကို ရပ်ဆိုင်းခဲ့ကြတယ်။ ပြည်သူလူထုကလည်း စစ်အုပ်စုအပေါ် ယုံကြည်မှု၊ထောက်ပံ့ကူညီမှုတွေလည်းမရှိပါ။ ဗမာစစ်တပ်အနေဖြင့် အဖက်ဖက်မှကျပ်တည်းယိုယွင်းမှု အခက်အခဲများကို ကြုံတွေ့ခံစားနေရပါတယ်။ ဗမာစစ်တပ်အခြေစိုက်သည့်တပ်စခန်းကြီးများကို ဝင်ရောက်စီးနင်းသိမ်းပိုက်နေကြတယ်။ တိုင်းပြည်တဝှမ်းစစ်ပွဲများပေါ်ပေါက်လာခဲ့ကြတယ်။ ဗမာစစ်တပ်၏ တပ်သားအကျအဆုံးများစွာရှိလာသည့်အပြင်၊ စိတ်ဓါတ်ရေးရာ ယိုယွင်း

ပျက်စီးလာကာ တော်လှန်ရေးတပ်များထံ လက်နက်ချလာမှုများရှိလာခဲ့ပါတယ်။ စစ်ရေးဆိုင်ရာ တော်လှန် တိုက်ခိုက်မှုများကို နှိမ်နှင်းနိုင်ဖို့ လူမဆန်တဲ့စစ်ဆင်ရေးနည်းလမ်းတွေကို ဗမာစစ်တပ်ဟာကျင့်သုံးနေပြီး မည်သည့်စစ်တပ်မဆို လိုက်နာရမည့် ကျင့်ဝတ်များကို ချိုးဖောက်နေပါတယ်။ လက်နက်ကြီးများအသုံးပြုပြီး ပစ်ခတ်တိုက်ခိုက်မှုများ၊ တိုက်လေယာဉ်များအသုံး ပြု၍ ဗုံးကြဲခြင်း ပစ်ခတ်တိုက်ခိုက်ခြင်းများကို ပြုလုပ်နေပါတယ်။ စစ်ရေးပစ်မှတ်များမထားရှိတော့ပဲ၊ ရပ်ရွာ၊ မြို့ပြနှင့် ပြည်သူများနေထိုင်သည့်နေရာများ၊ ပြည်သူပိုင်အဆောက်အဦးများ၊ ဘုရားကျောင်းကန်များကို လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ဖျက်ဆီးခဲ့တယ်။ စစ်တပ်၏ ယုတ်မာကောက်ကျစ်မှုများကြောင့် ပြည်သူများအနေဖြင့် ကျပ်တည်းမှု၊ ပျက်စီးပျောက်ဆုံးမှု၊ သေဆုံးမှု၊ စိတ်ပူပန်မှုများကို ဆိုးဆိုးရွားရွားခံစားနေကြရတယ်။ တိုက်ပွဲတွေကြောင့် နေရပ်စွန့်ခွာထွက်ပြေးရတဲ့ပြည်သူဦးရေ တဖြည်းဖြည်းများပြားလာနေပါတယ်။ ဒါ့အပြင် ဒီလိုရင်ဆိုင်ကြုံတွေ့နေရမှုတွေကို အချိန်မည်မျှကြာကြာ ရင်ဆိုင်ကြုံတွေ့ရမည်ကို မခန့်မှန်းနိုင်ကြလို့ ပြည်သူများအနေနဲ့ အားမလိုအားမရဖြစ်နေကြတဲ့အပေါ် သတိပြု နားလည်ပါတယ်။ ပြည်သူများ ရင်ဆိုင်ကြုံတွေ့နေရသည်ကိုလည်း ကိုယ်ချင်းစာပါတယ်။ ဒီလိုအခြေအနေရှိနေပေမယ့် ကျနော်တို့သည် စစ်အာဏာရှင်ကျဆုံးရေးတင်မကပဲ အာဏာရှင်စနစ်အားလုံးနှင့် လူမျိုးကြီးဝါဒအားလုံး အမြစ်ဖြတ်ကျဆုံးရေးကို ဦးတည် ရည်ရွယ်ထားပါတယ်။ ဤရည်မှန်းချက်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အခြားလမ်းစဥ် ရွေးချယ်ထားတာမရှိပါဘူး။ ဒီအတွက်ကြောင့် ကရင်လူမျိုးအပါအဝင် တိုင်းရင်းသားလူမျိုးများအားလုံး နားလည်ပေးကြပါရန်နှင့် လက်ရှိအခြေအနေတွေကို ကြံ့ကြံ့ခံလျှက် အတူတကွ ဆက်လက်ရင်ဆိုင်သွားပြီး ကျနော်တို့နဲ့အတူ ယခုတော်လှန်ရေးကြီးမှာ အတူတကွ ပူးပေါင်းပါဝင်ဖို့ တိုက်တွန်းဖိတ်ခေါ်လိုပါတယ်။

## ချစ်ခင်ရပါသော ကရင်အမျိုးသားအပေါင်းတို့ မျိုးချစ်တော်လှန်ရေး ရဲဘော်အပေါင်းတို့

ကရင်လူမျိုးများအနေနဲ့ ထည်ဝါကြီးမြတ်ခြင်း၊ ဂုဏ်သိက္ခာမြင့်မားခြင်း၊ ခေတ်ရေစီးကြောင်းနှင့်အညီ ဖွံ့ဖြိုးတိုးတက်လာခြင်း စတာတွေအတွက် မျိုးချစ်စိတ်ရှိရုံနဲ့ မလုံလောက်ပါဘူး။ တော်လှန်ရေးကို ချစ်မြတ်နိုးသည့်စိတ်ဓါတ်လည်း ရှိဖို့လိုပါတယ်၊ ဆိုလိုသည်မှာ ကရင်လူမျိုး၏ဝိသေသလက္ခဏာကို ထိန်းသိမ်းစောင့်ရှောက်ဖို့လိုအပ်သလို၊ ကရင်လူမျိုး၏နေထိုင်ဖြစ်တည်မှုနှင့် တိုးတက်မှုများကို ပျက်စီးစေသည့်အရာများကို ဆန့်ကျင်တော်လှန်ဖို့လည်း လိုအပ်ပါတယ်။ အတင်းအဓမ္မလုယူ ဖျက်ဆီးခံရသည့်အခွင့်အရေးများကို ပြန်လည်ရရှိဖို့၊ ကရင်လူမျိုး၏အခွင့်အရေးများ၊ တိုင်းရင်းသားလူမျိုးများ၏အခွင့်အရေးနဲ့ တိုင်းပြည်၏ ဖွံ့ဖြိုးတိုးတက်မှုများကို နှောင့်ယှက်ဖျက်ဆီးသည့် နိုင်ငံရေးဆိုင်ရာ အတားအဆီးများကို ဆန့်ကျင်တော်လှန်ရပါမယ်။ ထိုကဲ့သို့ ဆောင်ရွက်မှုများကို ကျနော်တို့ တစ်ဦးချင်းစီ ရှိသည့်နေရာကနေ ဆောင်ရွက်ရမှာဖြစ်သလို၊ ကရင်လူမျိုးများ ရဲ့ အသက်ရှင်နေထိုင်မှုနဲ့ ဖြစ်တည်မှုကို ပျက်စီးအောင်လုပ်ဆောင်မည့် မည်သည့်ကိစ္စရပ်ကိုမဆို ဆန့်ကျင်တော်လှန်ဖို့ တာဝန်ရှိပါတယ်။ ကရင်လူမျိုးများ၏ မျှော်မှန်းချက်များနဲ့ ဤတိုင်းပြည်တွင် နေထိုင်နေသည့်တိုင်းရင်းသားလူမျိုးအားလုံးရဲ့ လိုလားချက်များအရ ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး၏ ပထမဆုံး ထားရှိသည့်ရည်မှန်းချက်မှာ လွတ်လပ်၍ တရားမျှတ ပြီး ကိုယ်ပိုင်ပြဌာန်းခွင့် အပြည့်အဝရှိသည့် ကော်သူးလေကို တည်ထောင်ရန်နှင့် တပြိုင်နက်တည်းမှာပင် လွတ်လပ်သည့် ပြည်နယ်များ၊ တန်းတူညီမျှမှုနှင့် ကိုယ်ပိုင်ပြဌာန်းခွင့်တို့အပေါ် အခြေခံသည့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုကို တည်ထောင်သွားဖို့အတွက်ပဲ ဖြစ်ပါတယ်။

## ချစ်ခင်ရပါသော ကရင်အမျိုးသားအပေါင်းတို့ မျိုးချစ်တော်လှန်ရေး ရဲဘော်အပေါင်းတို့

ဒီ ရည်မှန်းချက်တွေကို အကောင်အထည်ဖော် ဆောင်ရွက်ရာမှာ အဖွဲ့အစည်းတစ်ဖွဲ့၊ လူမျိုးတစ်မျိုးတည်းက ဆောင်ရွက်၍ မရနိုင်ပါဘူး။ တိုင်းရင်းသားလူမျိုးတော်လှန်ရေးအဖွဲ့အစည်းများ၊ အထူးသဖြင့် ကရင်အမျိုးသားအစည်းအရုံး၏ ရည်မှန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရန် ကရင့်တော်လှန်ရေးအဖွဲ့အစည်းများ၊ ကရင့်အမျိုးသားအဖွဲ့အစည်းများ အားလုံးအနေဖြင့် ကရင်အမျိုးသားရေးအတွက် မားမားမတ်မတ် ခိုင်ခိုင်မာမာရပ်တည်ပြီး ရှေ့ဆက်ကရင်လူမျိုးများ လူမျိုး

တစ်မျိုးအနေဖြင့် ရှင်သန်ရပ်တည်ရန်နဲ့ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အတူတကွ လက်တွဲဆောင်ရွက်သွားကြဖို့ ဖြစ်ပါတယ်။ ပုဂ္ဂလိကကိုယ်ကျိုးစီးပွား၊ အဖွဲ့အစည်းကိုယ်ကျိုးစီးပွားများကိုဘေးဖယ်ကာ၊ လူမျိုးနဲ့တိုင်းပြည်အတွက်ရှေးရှုပြီး ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ နိုင်ငံရေးအခြေအနေပေါ်အခြေခံပြီး မိမိကိုယ်ကို ကရင်လူမျိုးဟု ထည့်သွင်းရေတွက်ခံယူသည့် ကရင်လူမျိုးတစ်ဦးချင်းစီနှင့် ကရင်လူမျိုးအတွက် လုပ်ဆောင်နေသည်ဟု ကြွေးကြော်နေသည့်ကရင်အဖွဲ့အစည်းအားလုံးသည် လည်းစည်းလုံးညီညွတ်မှု၊ ပူးပေါင်းဆောင်ရွက်မှုနဲ့ ကရင်တစ်မျိုးသားလုံးအကျိုးစီးပွားအတွက် စွန့်လွှတ်အနစ်နာခံ ပေးဆပ် ခြင်းဖြင့် ဦးဆောင်မှုတစ်ခုတည်း၏အောက်မှာ ဆောင်ရွက်သွားကြဖို့ပဲ ဖြစ်ပါတယ်။

**ချစ်ခင်ရပါသော ကရင်အမျိုးသားအပေါင်းတို့**
**မျိုးချစ်တော်လှန်ရေး ရဲဘော်အပေါင်းတို့**

နိဂုံးချုပ်အနေဖြင့် ၂၇၆၃ ခုနှစ်မြောက် ကရင်နှစ်သစ်ကူးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် နှစ်သစ်ကူးသည် ကရင်လူမျိုးများအတွက် စိတ်အားထက်သန်မှု၊ စည်းလုံးညီညွတ်မှု၊ စိတ်ဓါတ်ခိုင်မာမှု၊ ရဲရင့်ပြတ်သားမှုများကို ဆောင်ကြဉ်းပေးလာနိုင်စေရန်နှင့် မိမိတို့ကရင်လူမျိုး၏ဂုဏ်သိက္ခာကို နိမ့်ကျထိပါးစေနိုင်သည့်အရာများအားလုံးကို အချင်းချင်းကြား စည်းလုံးညီညွတ်မှုဖြင့် အောင်မြင်စွာ တွန်းလှန်နိုင်ကြပါစေ။ ပြည်တွင်း၊ ပြည်ပ နိုင်ငံအသီးသီးတွင် နေထိုင်ကြသောကရင်လူမျိုးများအားလုံး အနေဖြင့် ကရင်လူမျိုးနှင့် တစ်ခုတည်းသောကရင့်အမျိုးသားအလံတော်အောက်တွင် သစ္စာတိုင်တည်ပြီး အမျိုးသားချင်းဖြောင့်မတ်မှန်ကန်ကြပါစေ။ မိမိတို့ကရင်လူမျိုးအားလုံးအနေဖြင့် ကျရာကဏ္ဍတွင် မိမိတို့အမျိုးသားရေးအတွက် အောင်မြင်မှုပန်းတိုင်ရောက်ရှိသည်အထိ တာဝန်ကျေပွန်စွာ ထမ်းရွက်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါတယ်။

**ကျေးဇူးတင်လျက်**

| | |
|---|---|
| ၂၇၆၃ ခုနှစ်၊ သလေလဆန်း (၁) ရက်နေ့ | ဌက္ကဌ |
| ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ (၁၁) ရက်နေ့ | ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး |
| | ဗဟိုဌာနချုပ် |